# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၃၁ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၀ - ၁၁ - ၂၀၁၄ ]
# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၁ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်သား ကိုယ်စားလှယ်၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ တမည်းတောကျေးရွာအုပ်စု (၄)ရွာကို ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား သွယ်တန်းပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကံသာယာကျေးရွာရှိ လူနေအိမ်ခြေများအား ဂရန်မြေအဖြစ် သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဗိုလ်မှူးကြီးလှဝင်းအောင် တပ်မတော်သား ကိုယ်စားလှယ်၏ **မြန်မာနိုင်ငံအတွင်း မီးလောင်ကျွမ်းမှုများ ငြိမ်းသတ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ်များ ဝယ်ယူဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရှိသည့် အချုပ်ယာဉ်များအား နိုင်ငံတကာအဆင့်မီ အချုပ်ယာဉ်များဖြင့် အစားထိုးဖြည့်ဆည်းပေးရန်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အသစ်ရောက်ရှိလာသော အချုပ်ယာဉ်များကို ဝိုင်းမော်မြို့နယ်အတွက်တစ်စီး ခွဲဝေပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းကျေးရွာအား မြို့အဆင့် တိုးမြှင့်သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ရခိုင်ပြည်နယ်တွင် မူးယစ်ထုံထိုင်းနှင့် စိတ်ကိုရူးသွပ်စေတတ်သော ဆေးများ ရောင်းဝယ်မှု အလွန်အမင်းမြင့်မားနေခြင်းကို ပညာပေးတားဆီးနှိမ်နင်းသွားမည့် အစီအစဉ်များ မည်ကဲ့သို့လုပ်ဆောင်ထားရှိသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြား တင်သွင်းခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၁ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၃၂ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။